# ဝမ်းဗိုက်တွင်ခြေနှစ်ချောင်း၊လက်နှစ်ချောင်းအပိုပါသည့်ကလေးငယ်

အိန္ဒိယနိုင်ငံအရှေ့ပိုင်း Bihar ပြည်နယ်တွင်လွန်စွာဆင်းရဲသောမိသားစုတစ်စုမှ Deepak Kumar Paswan အမည်ရှိကလေးငယ်တစ်ဦးအား ၂၀၀၃ခုနှစ်တွင်မွေးဖွားခဲ့ပါသည်။ ယင်းကလေးငယ်မှာ သာမန်အခြားကလေးငယ်များကဲ့သို့ မဟုတ်ပဲ ဝမ်းဗိုက်တွင်ခြေနှစ်ချောင်း၊လက်နှစ်ချောင်းအပိုပါလာခဲ့ပါသည်။







新闻
国际在线
©www.cfp.cn









အခြားသောအမွှာကလေးငယ်များကဲ့သို့မဟုတ်ပဲ ခန္ဓာကိုယ်တစ်ခုတည်းတွင် ခြေနှစ်ချောင်း၊ လက်နှစ်ချောင်းတစ်စုံ

အပိုပါလာခဲ့ခြင်းဖြစ်ပါသည်။ အခြားသောရွာသူ၊ရွာသားများက ထိုကလေးငယ်အား မကောင်းဆိုးဝါးကလေးဟု ယူဆသူများပင်ရှိပါသည်။

သူ၏မိဘများမှာလွန်စွာဆင်းရဲကြပြီး တစ်ရက်ဝင်ငွေမှာ ၂ဒေါ်လာပင်မပြည့်ပါ။ ထို့ကြောင့် သားငယ်အားဆေးဝါးကုသမှု မပြုလုပ်နိုင်ပဲ စိတ်မကောင်းခြင်းကြီးစွာဖြင့်သာ ကြည့်နေရပါတော့သည်။ သို့သော် ကလေးငယ်၏ကုသိုလ်ကံကြောင့် ကံကြမ္မာအပြောင်းအလဲများ စတင်လာပါသည်။ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုက ကူညီပြီး အလှူငွေကောက်ခံမှုကို ၂၀၁၀ခုနှစ်မတ်လတွင် စတင်ခဲ့ပါသည်။ ထို့နောက် မေလ ၃၀ရက်နေ့တွင် အိန္ဒိယနိုင်ငံတောင်ပိုင်းမြို့တော် Bangalore ရှိ နာမည်ကြီးပုဂ္ဂလိကဆေးရုံကြီးဖြစ်သော Fortis Hospital သို့လာရောက်ပြသ ခဲ့ကြပါသည်။

ထိုဆေးရုံကြီးမှာ ကုသမှုစရိတ်လွန်စွာစရိတ်စကကြီးမားသော်လည်း ဆေးဝါးကုသမှုအပိုင်းတွင်အိန္ဒိယရှိ အကောင်းဆုံးဆေးရုံများထဲမှ တစ်ခုဖြစ်ပါသည်။ သို့ဖြင့် ဆရာဝန်ကြီး ၁၅ဦးပါဝင်သော အဖွဲ့မှစတင်ခွဲစိတ်မှု ပြုလုပ်ခဲ့ပါသည်။

လွန်စွာအန္တရာယ်ကြီးသော ခွဲစိတ်မှုဖြစ်သည်ဟုဆရာဝန်ကြီးများကဆိုပါသည်။

သို့သော် ကလေးငယ်၏ မလိုအပ်သောအစိတ်အပိုင်းများ အားလုံးကို ဆရာဝန်ကြီးများမှ အောင်မြင်စွာခွဲစိတ်ဖြတ်တောက်နိုင်ခဲ့ပါသည်။ ခွဲစိတ်မှုအပြီး ၃ရက်အကြာတွင် သူ၏ညီမအငယ်ဆုံးလေးနှင့်အတူ လမ်းလျှောက်ခြင်း၊ဆော့ကစားခြင်းများ ပြုလုပ်နိုင်နေပြီဖြစ်ပါသည်။ ယခုအခါ ကလေးငယ်၏ ကျန်းမာရေးမှာ ကောင်းမွန်နေပြီး ပုံမှန်အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရပါသည်။

ယခုအခါတွင် ရွာသို့ပြန်ကြတော့မည်ဖြစ်ကြောင်း၊ ရွာပြန်ရောက်လျှင် သူတို့၏အိမ်ရှေ့တွင် ရွာမှလူများနှင့်ဆုတောင်းပွဲကြီးတစ်ခု ပြုလုပ်မည်ဖြစ်ကြောင်း ကလေးငယ်၏ဖခင်မှပြောကြားခဲ့ပါသည်။